ရွှေပဒေသာစာပေ

# ကြယ်စင်မှူးဝေ

ပဆစ်အိမ်

အချစ်

လုံးချင်းဝတ္ထုသစ်



# အခန်း(၁)

ရန်ကုန်မြို့ရဲ့ ဆိတ်ငြိမ်ရပ်ကွက် တစ်ခုမှာ ...

ခြံနှင့်ဝင်းနှင့် တစ်ထပ် တိုက်ပုလေးက ချစ်စဖွယ်။

'မေတ္တာစံအိမ်' လို့ အမည်ပေး ထားတာကတော့ အိမ်ပိုင်ရှင် အန်တီယမင်းရဲ့ ကဗျာဆန်မှုပါပဲ။

အန်တီယမင်းဆိုသည့် ဒေါ်ယမင်းရွှေစင်ဟာ အပျိုကြီးပီပီ နုနုလှလှ၊ သို့ပေမဲ့ ခက်သည် ။အဲ ... နုနုလှလှ ဝဝလေးပီပီ သူ့စံအိမ်ကို စိန်နှင့်မမွန်းပေမဲ့ပန်းတွေနှင့် ထုံမွှမ်းထားခဲ့သည် ။

အန်တီယမင်းရဲ့ ခြံလေးထဲမှာ ခြံထောင့်တွင် စကားဝါပင် နှစ်ပင်၊ ပုန်းညက်ပင်ပျို နှစ်ပင်ရှိသလို ခြံထဲတွင် တော့ နှင်းဆီခင်းလေးနှင့် ဇော်လုံးခင်းလေး ရှိသည် ။

အဲ ... တစ်ချိန်တုန်းက ဒီပန်းခင်းလေးနှင့် ဝင်ငွေရှာခဲ့၊ အိမ်ကို အလှဆင်ခဲ့မည် ဖြစ်သော်လည်း ၊ ယခုအခါမှာ တော့ အန်တီယမင်းဟာ သူကျောင်းဆရာမ ဝင်ခါစက ဝယ်ထားခဲ့သည့် သန်လျင်က ပေါပေါလောလော မြေကွက်ကလေးများကို မနှစ်က သိန်းငါးရာစီနှင့် ပြန်ရောင်းပြီး ကတည်းက လှည့်မကြည့်တော့။

သူ့ဘဝမှာ ထီပေါက်သလို အဆင်ပြေသွားခဲ့ပီကိုး။ အဲဒီ ငွေကို ဘဏ်မှာ အပ်ပြီး ဘဏ်တိုးနှင့် လှူလိုက်၊ ဘုရားဖူးတွေ ထွက်လိုက်၊ တရားစ

ခန်းဝင်လိုက် ဆိုသည့် အလုပ်တွေကိုပဲ လုပ်နေလေတော့သည် ။

အဲ ... အန်တီယမင်းထံမှာ မှီခိုရအောင် ရောက်လာသူတွေကတော့ သူ့ရဲ့ မောင် သုံးယောက်မှ မွေးသည့် သမီးသုံးယောက် ဖြစ်သည့် ဆောင်းယမုန်၊မိုးဝတီနှင့် မြယွန်းမှုန် တို့ ပါပဲ။

နယ်မြို့လေးများမှ ဘွဲ့ကိုယ်စီရလာသည့် အခါ ရန်ကုန်မှာ အလုပ်ရှာရအောင် ရောက်လာကြရင်း အန်တီယမင်းအိမ်မှာ စုမိကြခြင်းပါပဲ။ ဆောင်းယမုန်က ပုဂ္ဂလိက ဆေးခန်းကြီးတစ်ခုမှာ စာရေးမအဖြစ် ဝင်ရပြီး၊ မိုးဝတီကတော့ စူပါမားကတ် တစ်ခုမှ အရောင်းစာရေး။ အငယ်မလေး မြယွန်းမှုန်ကတော့ ခုထိ အလုပ်မရသေး။

အန်တီယမင်းကလည်း ကလေးရုပ်မပျောက် သေးသည့် အငယ်ဆုံး အချောဆုံး တူမလေးကို စိတ်မချ။

"မိယွန်း၊ နင်က အပြင်ထွက် အလုပ်ရှာမနေနဲ့ ။ အန်တီ့ ပန်းစိုက်ခင်းတွေကိုသာ ပြုပြင်ပြီး မြေဩဇာကျွေး၊ ရေလောင်းပြီး ရောင်းပေတော့။ သူတို့ ရသလောက်တော့ သမီးလည်း အေးဆေးရတယ်"

"ကောင်းတယ် အန်တီလေး၊ သမီးက အန်တီလေးကို တစ်ဝက်ပေးမယ်နော်။ တစ်ဝက်ပဲ အိမ်ပြန်ပို့မှာ ပါ "

အကြီးနှစ်ယောက်က ကိုယ်ရတာ ကိုယ်သုံးလို့ စားလို့ ဝတ်လို့ တောင် မလောက်သည့် အနေအထားမှာ မြယွန်းမှုန်က အိမ်ပို့ချင်သည် ဆိုတော့ ဒေါ်ယမင်း ပီတိ ဖြစ်ရသည် ။သို့သော်

" ဟဲ့ မိယွန်း၊သမီး မိဘတွေက အဆင်ပြေသားမလား "

"ဖေဖေရော မေမေပါ ဝန်ထမ်းလေ အန်တီလေးရဲ့ ၊ ယွန်းတို့ မှာ မောင်နှမက သုံးယောက်ကျန်သေးတယ်။ မောင်လေးက ဂျီတီစီ ပထမနှ

စ် တက်နေတာ ဆိုတော့ ယွန်းပို့နိုင်ရင် လူကြီးတွေ အသက်ရှူ ချောင်တာပေါ့"

" သာဓုပါတော် ... သာဓုပါ။ ကြားလား အကြီးမတွေ"

ဒေါ်ယမင်း အကြီးနှစ်ယောက်ကို လှမ်းပြောလိုက်တော့ ဆောင်းယမုန်က လက်သည်း ဆေးဆိုးနေရင်းမှ ...

"ဟာ ... အန်တီလေးကလည်း ၊ ဒါက ကိုယ့်ကုသိုလ်ကံနဲ့ ကိုယ်လေ ။ သူ့မိဘတွေက မပြေလည်ပေမဲ့ ဆောင်းမိဘတွေက အဆင်ပြေတာပဲ ဟာ။ ဖေဖေက သစ်တောဝန်ထမ်းလေ၊ ဘာလိုသေးလဲ။ မောင်လေးက လည်း ဒီနှစ်နောက်ဆုံးနှစ်။ ကဲ ... ဆောင်းတို့ က ကိုယ့်ပိုက်ဆံမှ ကိုယ်မသုံးရင် ဘယ်သူ သုံးမလ၂ အန်တီလေးရဲ့ ။ အင်း ... အန်တီလေးကိုလည်း လစာထုတ်တိုင်း မုန့်နဲ့ ကန်တော့ ရမှာ ပေါ့လေ"

"အမယ်လေးတော် ... ကျုပ်ကိုကန်တော့စရာ မလိုပါဘူး။ ကျုပ်က တောင် ညည်းတို့ ကို ပြန်ကျွေးထားမှာ ပါ"

" ကောင်းတယ်၊ ဝတီတို့ ရတဲ့ လစာ ကိုယ့်ဘာသာတောင် သုံးလို့ လောက်မှာ မဟုတ်ဘူး ။ မိုးဝတီတို့ က တစ်ဦးတည်းသော သမီးဆိုတော့ အခွင့်ထူးခံလေ၊ စားစရာရှိလည်း ကိုယ်ပဲ၊ ဝတ်စရာရှိလည်း ကိုယ်ပဲ။ အိမ်မှာ ရှိသရွေ့ အခွင့်အရေးက ကိုယ်ပဲရတာ အန်တီလေးရဲ့ "

"ဒီမှာ တော့ မျှမျှတတ နေရမယ်လေ ဝတီရဲ့ ၊ ဥတစ်လုံး စိတ်မွေးလို့ တော့ ဘယ်ဖြစ်မလဲ။ ဘဝမှာ အရှည်ကြီးလျှောက်ရဦးမှာ ၊ ခရီးဆက်ရဦးမှာ ။ ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ်ချည်း လုပ်လို့ တော့ မဖြစ်ဘူး"

"ဟာ ... အန်တီလေးကလည်း ဝတီတို့ က ဒီလိုပဲနေလာတာ အကျင့်ပါနေပြီ။ ကိုယ့်လာကျောလည်း မခံဘူး၊ ကိုယ်ကလည်း မကျောဘူး။ ကို

ယ့်လာထိလို့ ကတော့ လာထားပဲ"

"ကြည့် ... ပြောလေ ကဲလေပါလား၊ အခု ဝတီနေရမှာ သူစိမ်းတွေ မပါဘူးလေ။ ကိုယ့်ညီမချည်းပဲ။ တစ်ယောက်နဲ့ တစ်ယောက် အဆင်ပြေအောင် နေရမှာ ပေါ့။ အားလုံး အန်တီလေးရဲ့ အရိပ်အောက်မှာ ငြိမ်းငြိမ်းချမ်းချမ်း နေကြရမယ်။သိပ်ပြီး ကဲကဲဆတ်နေလို့ ဘယ်ဖြစ်မလဲကွယ်"

"အင်းပါ ... မိုးကလည်း သဘောပြောတာပါ၊ ဒါပေမဲ့ အန်တီလေး သတိထားနော်။ ဆတ်တဲ့ လူတွေကမှ ဟန်မဆောင်တတ်တော့ သူ့စိတ်ရင်းကို ပွင့်လင်းမြင်သာတယ်။ တချို့တွေက ပျော့စိစိနဲ့ လူကြီးကြိုက်လိုက်ပြီး အန်တီလေးကို အပိုင်ချည် အပိုင်ချသွားမှာ ။ သတိလေးလည်းထား"

"ကဲ ... တော်ပြီအေ ... တော်ပြီအေ၊ ညည်းပြောနေတဲ့ စကားတွေက ဆူးလှည်းကြီးလို ဟိုငြိဒီညိနဲ့ ။ ပြောလေ ကဲလေပါလား။ ညီအစ်မတွေ ချစ်ချစ်ခင်ခင် နေကြအေ။ ငါလည်း ရှေ့အပတ်ထဲ ဗုဒ္ဓဂါယာ ဘုရားဖူးသွားဦးမှာ ၊ ဟိုမှာ တစ်ပတ်လည်း တရားစခန်း ဝင်ဦးမှာ ။ ဘာအသံမှ မကြားချင်ဘူးနော်"

ဆောင်းယမုံက သူ့အန်တီလေးကို မျက်မှောင်ကြုတ်ကြည့်ရင်း ...

"အန်တီလေးကလည်း အသက်ဖြင့် ငယ်ငယ်လေးရှိသေးတယ်၊ ဘုရားတရား အရမ်း လိုက်စားတာပဲနော်။ ဗုဒ္ဓဂယာထိ တရားသွားထိုင်မယ့် အစား ကိုယ့်မြန်မာပြည်ထဲမှာ ပဲ ထိုင်လည်း မရဘူးလား။ ဗုဒ္ဓဂယာထိဆိုတော့ ပိုက်ဆံတွေ မကုန်ဘူးလား"

"တော်ပြီ ... တော်ပြီ မိဆောင်း၊ နင်ကလေ နင်ဝယ်နေတဲ့ အလှပစ္စည်းတွေကျတော့ တစ်သောင်း ဆိုလည်း ဘတ်ခနဲ၊ နှစ်သောင်းဆို

လည်း ဘုတ်ခနဲ။ ဓမ္မန္တရာယ်ဖြစ်အောင် လာမပြောနဲ့ အေ့။ ကိုယ့်လိုင်းနဲ့ ကိုယ်ပဲနေ"

ဆောင်းယမုံက အန်တီလေးဆီရောက်တာ တစ်နှစ်လောက်ရှိပြီ ဖြစ်ပြီး၊ မိုးဝတီကတော့ ခြောက်လလောက် ရှိသေးသည် ။ မြယွန်းမှုန် ကတော့ ရောက်တာ တစ်ပတ်လောက်ပဲ ရှိသေးပေမဲ့ အန်တီလေး အိမ်ကို ကိုယ့်မိဘအိမ်လိုပင် သဘောထားကာ အမြင်မတော်တာတွေ အကုန် လျှောက်လုပ်သည် ။

အန်တီလေးအိမ်မှာ အိမ်အကူမထားသဖြင့် ကိုယ့်ဘာသာ ချက်ရ၏။ အန်တီလေးက တရားသမားပီပီ အစားအသောက် ချေးမများ ၊ ဇီဇာမကြောင်။ ထမင်းတစ်အိုး ဟင်းတစ်အိုးဆို ပြီးသည် ။

အဲ ... ချေးများ တာက ဟိုမမ နှစ်ယောက်ပါပဲ။ လက်သည်းရှည်လေး တသသ၊ အလှလေး တပြင်ပြင်နှင့် ပေမဲ့ အစားအသောက်ကျတော့ ဖွယ်ဖွယ်ရာရာ စားချင်ကြသည် ။ အန်တီလေးကတော့ ပြတ်သည် ။

"ကိုယ်စားချင်တာ ကိုယ်ချက်စားကြ။ ရေခဲသေတ္တာထဲမှာ အစုံရှိတာပဲ။ အန်တီလေးကတော့ ကိုယ်ချက်နိုင် သလောက်ပဲ။ အစားအသောက်အတွက်နဲ့ တော့ ဝန်တာ အတက်တော့မခံနိုင်ဘူး"

"ဟာ ... အန်တီလေးကလည်း မိုးဝတီတို့ က အိမ်မှာ ခြေမွေးမီးမလောင် လက်မွေးမီးမလောင် နေခဲ့တာ။ ဘယ်လုပ်တတ်မလည်း ။ အိမ်မှာ အိမ်အကူမရှိပေမဲ့မေမေက အကုန်လုပ်ပေးတယ် "

"ကြည့်စမ်း ... ကြည့်စမ်း ... ဒါကိုယ်များ ဂုဏ်ယူပြီး ပြောနေသေးတယ်။ မိဝတီ...ကိုယ်က မိဘကို မပြုစုဘဲ မိဘပြုစုတာကို နင်ခံနေတယ်ဟုတ်လား။ ကောင်မ ... ဝဋ်လည်ဦးမယ်၊ မလိမ္မာတဲ့ သားသမီးတွေနဲ့

တိုးပြီး ဒုက္ခတွေ ရောက်ဦးမယ်"

ဒေါ်ယမင်း မြည်တွန်တောက်တီး နေတော့ မိုးဝတီက တဟဲဟဲရယ်ရင်း သူ့အန်တီလေး၏ ကိုယ်လုံးဝဝလေးကို ဖတ်ထားရင်း ...

"အန်တီလေးကလည်း ဒေါကြီးပဲ၊ ဖေဖေနဲ့ မေမေ့ကို ပြုစုတဲ့ အခါလည်း ပြုစုပါတယ်ရှင့်။ မေမေတို့ အကြောတက်ရင် ညောင်းရင် နင်းပေးနှိပ်ပေးတယ်လေ ... ကဲ ... "

"တော်သေးတာပေ့ါအေ၊ ဒါထက် ငါဗုဒ္ဓဂါယာ သွားရင် ညည်းတို့ မြယွန်းမှုန်ကို အနိုင်မကျင့်ရဘူးနော်။ သူချက်ကျွေးတာပဲစား၊ သူ့ကို မတရားမလုပ်ကြနဲ့ ။ မတရား မခိုင်းကြနဲ့ "

" ဘာလဲ၊ သူ့ဩဇာကို နာခံရမှာ လား။ သူ့အုပ်ထိန်းမှုအောက်မှာ နေရမှာ လား"

မိုးဝတီက စိတ်ဆတ်သူပီပီ ဒိုးဒိုးဒေါက်ဒေါက် ပြန်ပြောလိုက်တော့ ဒေါ်ယမင်း သက်ပြင်းချရသည် ။

"ညည်းတို့ က အကြီးတွေလေ၊ အားလုံး အသက်နှစ်ဆယ် ကျော်တွေ ။ မြယွန်းမှုန်က ခုမှ နှစ်ဆယ်တောင် မပြည့်သေးဘူး။သူက ညည်းတို့ ကိုလည်း ချက်ပြုတ်ကျွေးရဦးမယ်၊ ထပ်ပြီး အနိုင်မကျင့်ဖို့ သတိပေးတာ၊ ကြီးနိုင်ငယ်ညှဉ်းလုပ်တာ ငါမကြိုက်ဘူးနော် ... ဒါပဲ"

အကြီးဆုံး ဆောင်းယမုန်က ဒေါ်ယမင်း စိတ်ချလက်ချ ရှိအောင် ဝင်ပြီး ကတိပေးလိုက်သည် ။

"စိတ်ချပါ အန်တီလေးရယ်၊ ဆောင်းရှိပါတယ်။ သူတို့ နှစ်ယောက် ရန်ဖြစ်ရင် လွန်တဲ့ သူကို ထိပ်ခေါက်မယ်။ အန်တီလေး စိတ်ဖြောင့်လက်ဖြောင့်သာ တရားလုပ်ပါ"

" အေးပါအေ၊ ကျုပ်ကို စိတ်မဖြောင့်အောင် မလုပ်ကြပါနဲ့ "

တူဝရီးတွေ စကားပြောရင်း၊ တီဗွီကြည့်ရင်းနှင့်ပင် ညဆယ်နာရီ လောက်ကြတော့ အိပ်ရာဝင်ကြသည် ။ တစ်ထပ်တိုက်လေးမို့ အခန်းက တော့ ခပ်နည်းနည်း။ အရင်ရောက်နှင့်သည့် ဆောင်းယမုံနှင့် မိုးဝတီတို့ က တစ်ခန်းစီ ယူထားပြီးပြီမို့ မြယွန်းမှုန်အတွက် အိပ်ခန်း မရှိတော့။ သ ည် အခါ သူမက အန်တီလေး၏ အခန်းကြယ်ကြီးထဲမှာ ခုတင်နောက်တ စ်လုံး သွင်းပြီး နေရပါသည် ။

တူဝရီးနှစ်ယောက် အိပ်ခန်းထဲ ဝင်ကြသည့်အခါ ဒေါ်ယမင်း အိပ်ရာ ပေါ် လှဲရင်း ကျိုးကျိုးကျွတ်ကျွတ်နှင့် ညည်းမိလျှင် မြယွန်းမှုန် အနား ကပ်သွား၏။ ပြီး အန်တီလေး၏ လက်ခြေများကို နှိပ်နယ် ဆုပ်ပေးလေ တော့သည် ။

"အိမ်မှာ လည်း မေ့မေ့ကို နှိပ်ပေးရတယ်၊ မေ့မေ့ခမျာ နေ့လည်း အ လုပ်လုပ်ရ၊ အိမ်မှု ကိစ္စလည်း လုပ်ရနဲ့ လေ "

"သမီးက မကူဘူးလား"

"ကူပါတယ်၊ ဒါပေမဲ့သမီးက ကျောင်းတက်နေရသေးတာကိုး။ တတ် နိုင်သလောက် အချိန်ရသလောက် ကူပေမဲ့ မေမေပဲ အလုပ်တွေ လက်စ သတ်ရတာပေ့ါ အန်တီလေးရယ်"

တူဝရီးနှစ်ယောက် စကား တပြောပြောနှင့် မြယွန်းမှုန် နှိပ်နယ်ပေး နေစဉ် ဆောင်းယမုန်နှင့် မိုးဝတီတို့ ဒေါ်ယမင်း အခန်းထဲသို့ ဝင်လာကြ လေသည် ။ မျက်နှာတွေက မဲ့ပြုံးနှင့် ။

" မြယွန်းမှုန်တို့ က လူသာငယ်တယ်၊ ပညာက မငယ်ပါလား"

"နောက်မှ ရောက်ပေမဲ့သူက ဖားတတ်တယ်လေ၊ ခေတ်နဲ့

ဘောင်ဝင်တာပေါ့။ အန်တီလေးက သူ့ငွေးဆိုတော့ ခုကထည်းက ကျုံးဝ င်နေပြီ "

နှစ်ယောက်ညှပ်ပြောရင်း ဒေါ်ယမင်းကို သူတို့ လည်း ဝင်နှိပ်ကြလေသည် ။ သို့သော် သူတို့ က ဟန်ပြလောက်သာ။ လက်သည်းကျိုးမှာ စိုးလို့ ရွရွလေးနှိပ်တာ။

"ကဲ ... တော်ပါပြီအေ ... တော်ပါပြီ၊ အားလုံး အိပ်ကြတော့။ တစ်ယောက်နဲ့ တစ်ယောက် မခံချင်အောင် မပြောကြပါနဲ့ အေ။ငါလည်း သူငယ်နှပ်စား မဟုတ်ပါဘူး။ကဲ ... သွားကြ အိပ်ကြတော့"

ငြိမ်းချမ်းနေသည့် ရသလေး ပျောက်ဆုံးသွားရလေသည် ။ ဒေါ်ယမင်း မအိပ်ခင် ဘုရားခန်း သွားပြီး၊ ဘုရားရှိခိုး၊ တရားထိုင်ပြီးမှ အိပ်ရာဝင်ခဲ့သည် ။

***

# အခန်း(၂)

မနက်လင်းသည် နှင့် မြယွန်းမှုန် အိပ်ရာထပေပြီ။ ထမင်းပေါင်းအိုးလေး တည်ထားလိုက်ပြီး ဟင်းပါ တစ်ခါထည်း ချက်လိုက်သည် ။ သူရောက်ပြီး ငါးရက်အကြာမှာ အန်တီလေး လက်ရာတွေကို သူမ အလွတ်ရသွားပေပြီ။ အိမ်မှာ လည်း မေ့မေ့ကို ကူချက်ပြုတ်ပေးခဲ့သည် ပဲ။

တစ်နာရီလောက်ကြာတော့ ထမင်းလည်း ကျက်၊ ဟင်းလည်း ကျက်ပြီ။ ဒီနေ့ ကြက်သားနှင့် အာလူး၊ ဆီပြန်ဟင်းမှာ ဟင်းအနှစ်တွေ ဘာတွေနှင့်။ နောက် မနေ့ကကြော်ပြီး ဖန်ဘူးထဲ ထည့်ထားသည့် ငံပြာရည်ကြော် ရှိသည် ။ တို့ စရာ သခွားသီးနှင့် သရက်သီးကင်းတွေ ရှိသည် ။

အန်တီလေး ဘုရားခန်းထဲ ဝင်သွားပြီမို့ ဆွမ်းတော်ပွဲ ပြင်ဆင်ပြီး သူမသွားပေးလိုက်သေး၏။ ပြီးဘာနှင့် သူမ၏ အလုပ်ဖြစ်သည့် ခြံထဲသို့ ဆင်းလာခဲ့ပေပြီ။

လမ်းချန်ထားပြီး တစ်ဖက်တစ်ချက်မှာ ပန်းခင်းတွေ။ အန်တီလေး ပစ်ထားခဲ့သည့် အပင်တွေကို သူမ မြေဆွ မြေဩဇာ ကျွေးပြီး ရေလောင်းရသည် ။

တစ်ယောက်ထည်း တကုပ်ကုပ် လုပ်နေရသည် မို့ ဘယ်ပြီးဦးမလဲ။ ဆောင်းဝင်ပြီမို့ ရေကတော့ လောင်းနေရသည် ။ နံနက် ရှစ်နာရီလောက်မှာ မိုးဝတီက သူမကို အော်ခေါ်လိုက်သည် ။

"မြယွန်းမှုန်၊ ငါ့ကို ထမင်းချိုင့် ထည့်ပေးစမ်း"

"အင်"

ချက်ပေးသူက မိုးလင်းကတည်းက ချက်ပေးပြီးတာကို ထမင်းချိုင့် ထည့်ဖို့ ပြဿနာရှာနေတာကိုး။ ဒုက္ခပဲ၊ ကိုယ်က အိမ်မှာ အကြီးဆုံးပေမဲ့ဒီအိမ်မှာ အငယ်ဆုံး။ သို့သော် သူတို့ ခိုင်းတာ လျှောက်လုပ်ပေးနေလို့ကတော့ အကျင့်ပါပြီး ကိုယ်ပဲ သူတို့ ခိုင်းဖတ် ဖြစ်သွားလိမ့်မည်။

ဒီ အိမ် မှာ အိမ်အကူ လုံးဝ မရှိတာမဟုတ်။ အိမ်သန့်ရှင်းရေး ၊ ချက်ပြုတ်ရေးတွေလည်း အန်တီ့ကို သနားလို့ ကိုယ်ပဲဝင်လုပ်ပြီ။နောက်ခြံထည်းက ပန်းပင်တွေ ပြုစု လုပ်ကိုင်ရမှာ လည်း လွယ်သည့် အလုပ်မဟုတ်။

သည် တော့ မြယွန်းမှုန် မကြားချင်ယောင် ဆောင်ပြီးတော့ ကိုယ့် ပန်းခင်းကိုပဲ မြေဆွ ပေါင်းသင် လုပ်နေလိုက်၏။ သည် အခါ အသံဗြဲကြီးနှင့် ထပ်အော်သူမှာ မိုးဝတီ။ ရုပ်ကလေး လှပေမဲ့အသံက မသက်သာ။

" မြယွန်းမှုန် ... ငါခေါ်နေတာ မကြားဘူးလား။ နင် နားပင်းနေသလား"

ဒီတစ်ခါတော့ မြယွန်းမှုန် ဘာမှ မလုပ်ရသေးခင် အန်တီလေး ဘုရားခန်းထဲမှ ထွက်လာပေပြီ။

"ဟဲ့ ... မိုးဝတီ၊ မြယွန်းကို ညည်းအိမ်က အလုပ်သမားများ မှတ်နေသလား။ ငါ့အိမ်မှာ လာနေပြီး ဗိုလ်ကျတာ မကြိုက်ဘူးလို့ ပြောနေတဲ့ကြားက"

"အန်တီလေးကလည်း သူက အားနေတဲ့ သူမို့လို့ အကူအညီ တောင်း

မိတာကို၊ ပုံကြီးချဲ့ပြီး ပြဿနာ ရှာနေတယ်။ ဘာလဲ၊ မခိုင်းရဘူးလား၊ သူ့ကို ကိုးကွယ်ထားရမှာ လား"

"အလိုတော် ... ပြောလေ ဆိုးလေပါလား၊ မိုးဝတီ ... အခု နင်တို့ အလုပ်လုပ်တာ ဘယ်သူ့ဖို့ လဲ ... ပြော။ ဘယ်သူသုံးသလဲ၊ အလုပ်ပင်ပန်းတာတွေ လာမညည်းနဲ့ ။ ကိုယ်သုံးဖို့ ကိုယ်ရှာပြီး အိမ်မှာ လာဗိုလ်ကျမနေနဲ့ ။ ငါမကြိုက်ဘူးနော်"

" အန်တီလေးက တစ်ဆိတ်ရှိ သူ့ဘက်ကချည်းပဲ"

" ဟဲ့ ... မိဝတီ၊ နင် ကျပ်တော့ပြည့်ပါတယ်နော်"

" ဘာဆိုင်လို့ လည်း အန်တီလေးရဲ့ "

" နင် ရှုးများ သွားပြီလားလို့ ပါ၊ အဒေါ်အိမ် လာပြီး အဒေါ်ကျွေးတာ ညီမအငယ်ဆုံး ချက်တာကို အဆင်သင့်လည်း စားရသေးတယ်၊ ကိုယ့်ဗာဟီရ ကိစ္စတော့ ကိုယ်ရှင်းပေ့ါအေ။ ကိုယ့်အဝတ်ကိုယ်လျှော်၊ ကိုယ့်ထမင်းချိုင့်တော့ ကိုယ်ထည့်ပေ့ါ"

"အိမ်မှာ ဆို မေမေက အကုန်လုပ်ပေးတာ၊ အန်တီလေးက ကိုယ်လည်း လုပ်မပေးဘဲ မြယွန်းကို ခိုင်းတော့လည်း မကြိုက်ဘူး"

"မရှိတာထက် မသိတာခက် ဆိုတာ အဲဒါပဲ။ ညည်း ဘယ်လိုတွဲ့လာလည်း ဆိုတာ ငါမတွေးတတ်တော့ဘူး။ ငါပြောတာ ရှင်းရှင်းလေးရယ်၊ ညည်းတို့ တွေ ငါ့အရိပ်ကို လာပြီး ခိုကြတာချင်း အတူတူ တစ်ယောက်နဲ့ တစ်ယောက် အနိုင် မကျင့်ကြနဲ့ လို့ ငါပြောတယ်"

"ဒါ အနိုင်ကျင့်တာလား အန်တီလေးရဲ့ ၊ ကိုယ်မအားလို့ သူ့ခိုင်းတာကို၊ သူက ဒီအိမ်မှာ အလုပ်မရှိတဲ့ လူလေ။ အန်တီလေးက နေရာတကာ သူ့ဘက်က"

ဩော် ... တော်တော် အယူလွဲနေသည့် မိုးဝတီပါလား။ ဒေါ်ယမင်း လက်မြှောက်လိုက်ပါသည် ။ ဟောရင်းသာ ပျံလွန်တော် မူမည်၊ ဘာ အကျိုး ထူးမည့်ပုံမမြင်။ သည် တော့ နောက်ဆုံးအနေနှင့်သာ သတိပေး လိုက်ရ၏။

"မိုးဝတီ၊ နင်အလုပ်လုပ်နေတာလည်း ကိုယ်သုံးဖို့ ကိုယ်လုပ်နေတာ ။အားလုံး ငါ့လုပ်စာ စားနေကြတာနော်။ မြယွန်းမှုန်ကို အားနေတယ်ဆို ပြီး မမြင်နဲ့ ။ သူ့ကို ငါ့ပန်းခင်းတွေ တာဝန်ပေးထားတယ်လေ၊ အဲဒါ သူ့ အလုပ်ပဲ။ ငါနဲ့ စပ်တူ လုပ်တဲ့ အလုပ်၊ သူ့အလုပ်ကမှ ငါ့ကို အကျိုးပြုဦး မယ်။ နင်တို့ အလုပ်လုပ်တာ ငါ့ကို ဘာမှ အကျိုးပြုတာ မဟုတ်ဘူး "

" ဩော် ... သူက ဒီအိမ်မှာ မာလီပေါ့၊ဟုတ်လား၊ အဟစ်ဟစ် ... ခုမှ သူ့ရာထူးသိတော့တယ်"

"ကဲ ... တော်ပြီ တော်ပြီ၊ ကိုယ့် အလုပ်ကိုယ်လုပ်ကြ၊ လူလိုမသိတဲ့ လူကို လူလိုသိအောင် ပြောရတာ ငါမောတယ်။အေးအေးနေချင်တဲ့ တ ရားသမားကို ပြဿနာလာမရှာကြပါနဲ့ အေ"

ဒေါ်ယမင်း မီးဖိုဘက် ဝင်သွားရင်း အားလုံးကို နံနက်စာစားဖို့ လှမ်း ခေါ်လိုက်သဖြင့် မြယွန်းမှုန် လက်ဆေးပြီး အိမ်ထဲသို့ ဝင်လာခဲ့သည် ။

နောက် ထမင်းပူပူနှင့် ပဲပြုတ်ဆီဆမ်း၊ လက်ဖက်ရည်ချို ကရားကို ထမင်းစား စားပွဲပေါ်မှာ အဆင်သင့်ပြင်ထားလိုက်သည် ။

ထမင်းစားခန်းထဲသို့ ဆောင်းယမုန်နှင့် မိုးဝတီတို့ ဝင်လာကြပြီး ပန်းကန်ထဲသို့ ထမင်းထည့်၊ ပဲပြုတ်ဆီဆမ်းထည့်ပြီး လက်ဖက်ရည်ချို ငှဲ့လိုက်ကြသည် ။

ဒေါ်ယမင်း တူမသုံးယောက်ကို တစ်ယောက်စီ မသိမသာ အကဲခတ်

လိုက်၏။ချောတာတော့ တစ်မျိုးစီ ချောကြပါပေသည် ။ သူ့မောင်သုံး ယောက်၏ ရင်နှစ်သည်းချာတွေ။

ဆောင်းယမုန်က အရပ်ငါးပေ ခြောက်လက်မနှင့် ဖြူဖြူသွယ်သွယ်။ မျက်လုံးလှပပြီး မျက်တောင်တုတွေ မျက်ခုံးဆွဲတာတွေနှင့် ပြင်ဆင်ချယ် သထားသည် မို့ သူ့ရုပ်ကလေးက မှုန်ဥနေအောင်လှပါသည် ။မိတ်ကပ်မျ က်နှာလေးပေ့ါ။ယူနီဖောင်း လှလှလေးနှင့်။

မိုးဝတီကတော့ အရပ် ငါးပေ လေးလက်မနှင့် အသားဝင်းဝင်းလေး။ ကိုယ်လုံး ကိုယ်ပေါက်က ဖွံ့ဖွံ့ထွားထွား၊ ဝတ်ပုံစားပုံ ကလည်း ခေတ်သ မီးပျိုတွေပီပီ ခေတ်မီရသည့်ကြားထဲ အရောင်းစားရေးမမို့ ယူနီဖောင်း က စကတ်တိုတို၊ ဒူးအထက်မှာ ။ ယူနီဖောင်းက အသည်းကွဲရောင်။

ဖယ်ရီတွေစီးကြသည် မို့ သူတို့ အ လုပ်သွားရတာ သက်တောင့် သက်သာ။

ဒေါ်ယမင်း၊ မြယွန်းမှုန်လေးကို ကြင်နာစွာ ကြည့်မိပြန်သည် ။ သူမ မျက်စိထဲမှာ တော့ သူကလေးဟာ အပြစ်ကင်းစင်သည့် သိုးလေးနှယ်။ လောက မာယာတွေကို ဘာမှ မသိသည့် အဖြူထည်ရုပ်ကလေး။

အရပ်က ငါးပေ ခုနှစ်လက်မမို့ ကလနကလား၊ ကိုယ်လုံးလေးလှပေ မဲ့ပေါ်အောင် မဝတ်တတ် မစားတတ်ရှာ။ ခုထိ ဂါဝန်၊ စကပ်၊ ဘောင်းဘီ ရှည် ပွပွလေးများ နှင့်သာ။

မျက်နှာလေးက ချောတာထက် ချစ်စရာ ကောင်းလွန်းလှပါသည် ။ ဘယ်အရာက ဘယ်လို ချစ်ဖို့ ကောင်းမှန်းမသိ။ အသားကလေး ဖြူပုံက ကြည်စင်နေပြီး မျက်နှာလေးကလည်း ငယ်မူငယ်သွေးတွေနှင့် နုသစ် နေသည် ။

ကိုယ်က ဗုဒ္ဓဂါယာသွားပြီး တရားထိုင်ဦးမည်မို့ နံနက်စာစားရင်း ဆုံးမစကား ပြောရပြန်သည် ။

"အခု သမီးတို့ သုံးယောက်လုံး အန်တီ့အရိပ်မှာ လာခိုကြတာနော် "

မိုးဝတီက ထုံးစံအတိုင်း စကားအဖြစ်တောင် လက်မခံ။

" သိပါတယ် အန်တီလေးရဲ့ ၊မဏ္ဍာပ်တိုင် ထပ်မတက်ပါနဲ့ "

ဆောင်းယမုန်နှင့် မြယွန်းမှုန် မျက်လုံးတွေ ပြူးကြည့်မိ၏။ လူကြီးသူမကို ဒီလိုပြန်ပြောစရာလား။ အန်တီလေးကတော့ တရားသမားပီပီ သည်းခံပါ၏။

"အေး ... ပြောချင်လို့ ပြောတာ မဟုတ်ဘူး ၊ မင်းတို့ အယူမှား အယူလွဲနေမှာ စိုးလို့ ပြောတာ။ အန်တီလေး ဆိုလိုချင်တာက မင်းတို့ အခုအလုပ်လုပ်နေတာ ကိုယ့်အကျိုးစီးပွားအတွက် ကိုယ်လုပ်နေကြတာ။ကျွေးတာနေတာက အန်တီ့ဆီမှာ နေကြတာ"

" ဒီတော့ "

မိုးဝတီ စကားထောက်လိုက်ပုံက မခန့်လေးစား သဘော သက်ရောက်နေသဖြင့် ကျန်နှစ်ယောက် အံ့သြနေရ၏။

"ဒီတော့ ဆောင်းယမုန်ကလည်း မိုးဝတီက အငယ်မကို ဗိုလ်မကျအောင်ကြည့်၊ ပြောကြကြေးဆို မြယွန်းမှုန်ကတောင် အန်တီ့အရိပ်ကို လာခိုကြတာချင်း အတူတူ အားလုံးအတွက် ချက်ပြုတ်ရေး အိမ်ထောင်ထိန်းသိမ်းရေးတွေ တာဝန်ယူရလို့ သူက နစ်နာသေးတယ် "

" သူ့ကို အန်တီလေး ပန်းခင်းတွေ ရောင်းစားခွင့် ပါမစ် ပေးထားတာပဲ၊ ဒီလောက်တော့ လုပ်ပေးပေါ့ "

"ပြောလေ ကဲလေပါလား မိုးဝတီ၊ ဒီပန်းခင်းတွေကလည်း သူ့အဆင်သင့် ခူးရောင်းရတာ မဟုတ်ဘူး ။ပြုစုရဦးမယ်၊ နောက် တစ်လ နှစ်လလောက်ကျမှ ပွင့်မှာ ။ သူ့ကို အားနေတယ် မပြောပါနဲ့ ၊ သူကမှ ပိုပြီး ပင်ပန်းမှာ ။အပြင်မထွက်ရတာပဲရှိမယ်"

"အန်တီလေးက ညီအစ်မ အချင်းချင်း ကြင်ကြင်နာနာ ချစ်ချစ်ခင်ခင် နေစေချင်တာ။ သံယောဇဉ် ရှိစေချင်တာ။ အန်တီတို့ မောင်နှမတွေဆိုရင် မောင်နှမ (၄)ယောက်၊ တစ်ယောက်ကို တစ်ယောက် ကြင်ကြင်နာနာ ရှိကြတယ် "

ဒေါ်ယမင်းက ဆုံးမစကားပြောနေပေမဲ့ဆောင်းယမုန်က ဝင်ထောက်ပါ၏။

" မောင်နှမ အရင်းတွေဆိုတော့ ကြင်နာကြမှာ ပေါ့"

" အန်တီလေးတို့ လည်း တစ်ဝမ်းကွဲတွေပဲလေ။ တစ်မိပေါက်စီ၊ အဘိုးအဘွားစီမှာ စုနေကြတာ"

" သြော်"

သူမတို့ ထင်ထားတာက အရင်းတွေလို့ ပါပင်။ ယခုမှ သိလိုက်ရလို့ တအံ့တသြ။ ဒေါ်ယမင်းကလည်း သူတို့ အချင်းချင်း ပိုပြီးစည်းလုံး ချစ်ခင်စေချင်လို့ ပြောတာပါ။ ပြီးတော့ အမှန်တရားဆိုတာ ဖုံးကွယ်ထားလို့ မရစကောင်း။

" အမွေကျတော့ အန်တီလေးတစ်ယောက်ထည်းကိုပဲ အဘိုးနဲ့ အဘွားက ပေးခဲ့တာလား"

ဒါကတော့ လောဘအိုး မိုးဝတီရဲ့ အာသာငန်းငန်းစကား။

"ဘယ်ဟုတ်မလဲ၊ အန်တီလေးတို့ က ကံတူအကျိုးပေး မိဘတွေက

နောက်အိမ်ထောင်ထူကြ၊ သေတဲ့ လူက သေကြဆိုတော့ အဘိုးအဘွားစီမှာ သွားစုကြတယ်လေ။ အန်တီလေးက အကြီးဆိုတော့ ဆယ်တန်းအောင်ကတည်းက အလုပ်ဝင်ပစ်လိုက်တယ်။ မောင်တွေကို အဘိုးအဘွားတွေနဲ့ အတူ ကူပြီး ကျောင်းထားပေးတယ်။ အဘိုးအဘွားက ပင်စင်စားတွေဆိုတော့ ဒီခြံလေး ဒီအိမ်ထဲမှာ ပင် အပင်တွေစိုက်ရင်းနဲ့ သူတို့ ကို ကျောင်းပြီးအောင် ထားခဲ့ကြရတာ "

"နောက်ဆုံးကျ အဘိုးနဲ့ အဘွားက ဒီအိမ်နဲ့ ဒီခြံကို အန်တီလေးကို ပေးခဲ့ရော မဟုတ်လား။ မောင်တွေကလည်း အစ်မက အနစ်နာခံတယ်ဆိုပြီး ပေးခဲ့ရော မဟုတ်လား။ ဟင်း … ဒီဇာတ်လမ်း ဘယ်လို လာမယ်ဆိုတာ သိပြီးသားကြီး "

မိုးဝတီ ဆိုးဆိုးဆတ်ဆတ် ပြောချလိုက်တော့ ဒေါ်ယမင်းမှာ တအံ့တသြ။ သူ့မိဘတွေက ဒီလိုပဲ ထင်သတဲ့ လား။ဒီလိုပြောခဲ့သလား။

" မဟုတ်ပါဘူး မိုးဝတီရယ် … အန်တီလေးက ဒီလို မတရား မလုပ်ပါဘူး"

"ဒါဆို အန်တီလေး ဘာဖြစ်လို့ ကြီးပွားနေတာလဲ၊ ကျောင်းဆရာမလစာလေးနဲ့ ဘယ်လိုလုပ်ပြီး ချမ်းသာနေတာလဲ "

"သြော် … ခက်လိုက်တာ မိုးဝတီရယ်၊ ငါက ကျောင်းဆရာမဆိုပေမဲ့ ကိုယ်တာဝန်ကျတဲ့ ရွာမှာ စျေးရောင်းတယ်၊ စက်ချုပ်တယ်လေ။ ကိုယ့်အဘိုးနဲ့ အဘွားအတွက် ကိုယ့်မောင်တွေအတွက် အလုပ်လုပ်တယ်"

ဒေါ်ယမင်း၏ စကားကို မိုးဝတီက တစ်ဖက်လှည့်ပြီး နှုတ်ခမ်းမဲ့၏။ သူ့အမေ ပြောခဲ့တာကတော့ …

"နင်တို့ အန်တီလေးက အမွေတွေအားလုံးကို လက်ဝါးကြီး အုပ်

ထားတာ။ သူက အနီးမှာ နေတော့ အဘိုးနဲ့ အဘွားသေတုန်းက ရွှေထုပ် ငွေထုပ်တွေ ယူထားလိုက်တယ်လေ။ ကျန်တဲ့ မောင်တွေက အဘိုးနဲ့ အဘွားသေမှ အဝေးက ပြန်လာရတာ။ ဘာပစ္စည်းမှ မရလိုက်ကြဘူး။ အိမ်နဲ့ ခြံကိုလည်း မဖြစ်စလောက်ငွေလေးနဲ့ အမ်းလိုက်ပြီး သူကမောင်ပိုင်စီးလိုက်တယ်လေ။ အခုကျ အဲဒီ အိမ်ကို တိုက်ပြန်ဆောက်၊ ခြံကို တံတိုင်းခတ်၊ ကျကျနန ပြန်လုပ်ထားလိုက်တာ။ အခု အဲဒီ အိမ်ကို သိန်းနှစ်ထောင်နဲ့ တောင် ဘယ်ရောင်းနိုင်မလဲ"

"ပြီးတော့ အပျိုဖြစ်ပြီး အဘိုးနဲ့ အဘွားကို ရသမျှ အကုန်မပေးဘူးလေ။သန်လျင်မှာ မြေကွက်တွေ ပေါပေါလောလော ခေတ်တုန်းက ဝယ်ထားတယ်။ဟော ... ခု ဒီဘက်ခေတ်လည်း ရောက်ရော တစ်ကွက်ငါးရာနဲ့ ဘယ်နှကွက်တောင် ရောင်းရတယ် မသိဘူး၊ အလကားနေရင်းကို သူဌေးဖြစ်နေတော့တာပဲ။ ငါတို့ မှာ သာ"

"သူ့ကျတော့ ဘုရားဖူးသွားလိုက်၊ တရားထိုင်လိုက်နဲ့ ငြိမ်းချမ်းနေတာပဲ။ မောင်တွေကျတော့ အိမ်လေးတစ်လုံးစီပဲ ဝယ်ပေးတယ်"

"သေရင် သမီးတို့ တွေပဲ ရမှာ မဟုတ်လား မေမေရဲ့ "

"သေချာတာ မဟုတ်ဘူး ၊ အကုန်လှူရင် လှူပစ်မယ့် မိန်းမကြီး။ တော်တော်နဲ့ လည်း သေမှာ မဟုတ်ပါဘူး"

"တကယ်တော့ မိုးဝတီဟာ အမေတူတာ ဖြစ်မည်။ လောဘတွေက ရန်စွယ်ငေါငေါ ။ ဒေါ်ယမင်းရွှေဟာ အဘိုးအဘွားနှင့် မောင်သုံးယောက်ကို ပြုစု စောင့်ရှောက်ခဲ့သူ"

သူက စေတနာကောင်းသူမို့ သန်လျင်မှာ အဘိုးကြီး အဘွားကြီးအိမ်တည်းပြီး ကျောင်းတက်ရင်း ပြုစုစောင့်ရှောက်လေပြန်ရာ ...

အဘိုးကြီး အဘွားကြီး ကွယ်လွန်သွားပြန်တော့ သူ့ကိုယ်ပဲ အမွေပေးခဲ့ကြပြန်သည် ။ နောက် ကိုယ့်အဘိုးနှင့် အဘွားကိုလည်း ဒေါ်ယမင်းက လိုလေသေးမရှိ ပြုစုစောင့်ရှောက် ခဲ့တာပါပဲ။ မိုးဝတီရဲ့ အမေ ထင်နေသလို ရွှေထုပ် ငွေထုပ် ဥစ္စာထုပ်တွေလည်း မရခဲ့ပါ။ အဘိုးနှင့် အဘွားခင်မျာ ပင်စင်စားကြီးတွေပါ။ ဒီခြံနှင့် ဒီအိမ်လေးသာ ဘိုးဘွားအမွေ ။ ဒေါ်ယမင်းက ဒီအတိုင်းထားချင်ပေမဲ့မောင်သုံးယောက်က ရောင်းပြီး အမွေခွဲယူမည် ဆိုသောကြောင့်သာ သူတို့ ရောင်းမည့် စျေးနှင့် ဒေါ်ယမင်း ဝယ်လိုက်ရတာပါ။သန်လျင်က အမွေရသည့် ခြံနှင့် အိမ်ကို ရောင်းပြီး ဒီက အိမ်နှင့် ခြံကို ဝယ်လိုက်ရသည့် အဖြစ်။

နောက် သန်လျင်က ကိုယ်ဝယ်ထားသည့် မြေကွက်တွေ စျေးကောင်းရလို့ ပြန်ထုတ်တော့လည်း ကိုယ့်ပစ္စည်းပေမဲ့ဒေါ်ယမင်း မောင်တွေကို အိမ်တစ်လုံးစီ ဝယ်ပေးလိုက်ပါသေးသည် ။

သူတို့ နေတဲ့ မြို့တွေက တောမြို့တွေမို့ အိမ်တစ်လုံးကို ၁၅၀/၂၀၀ လောက်ပေ့ါ။ သို့ပေမဲ့ရလေ လိုလေ ဆောင်းယမုန်၏ မိခင်နှင့် မိုးဝတီ၏ မိခင်တို့ ကတော့ အညီအမျှ ခွဲဝေမပေးဘဲ လက်ဝါးကြီးအုပ်တယ် ရယ်လို့ ထင်ကြမြင်ကြသည် ။

အမြင်ကြည်လင်တာ မြယွန်းမှုန်ရဲ့ မိဘနှစ်ပါးပါပဲ။

"မမက မောင်တို့ ကို ကျောင်းထားပေးခဲ့တာ၊ မောင်တို့ အခုလို လူတစ်လုံး သူတစ်လုံး ဖြစ်နေရတာ မမကျေးဇူးကြောင့်ပေ့ါ။ အဘိုးနဲ့ အဘွားက မောင်တို့ ကို ဘယ်ကျောင်းထားပေးနိုင်ပ့ါမလဲ။ မမကပဲ အလုပ်မျိုးစုံလုပ်ပြီး မောင်တို့ ကို ကျောင်းဆက်တက်ခိုင်းတာ။ မမခမျာ စျေးလည်း ရောင်း၊ စက်လည်း ချုပ်၊ အရမ်းပင်ပန်းခဲ့တာ"

မိဘတွေရဲ့ အာဘော်အတိုင်း အဒေ့ါ်အပေါ်မှာ သဘောထားကြသည်

ထင့်။

ဒေါ်ယမင်းကတော့ တူမတွေအပေါ် စည်းလုံး ညီညွတ်ရေးတရား ဆက်ဟောလို့ ။ တူမကြီးနှစ်ယောက် ထမင်းချိုင့်တွေနှင့် တကြွကြွဖြစ်လာတော့မှ ...

"ကဲကဲ ... သွားကြပေတော့၊ မြယွန်းလည်း ကိုယ့်ခြံအလုပ် ကိုယ်ဆက်လုပ်။ အန်တီလေး ဘုန်းကြီးကျောင်းသွားလိုက်ဦးမယ်"

အ န် တီ လေး မှာ ကားလည်း ရှိတာမို့ ကိုယ်တိုင်မောင်းပြီး ဘုန်းကြီးကျောင်းသို့ သွားပေပြီ။

ဩော် ... စိတ်ကောင်းရှိသူကိုမှ ကံကောင်းသည် ဆိုသလိုပါပဲ။ အန်တီလေးမှာ နေရင်းထိုင်ရင်းနှင့်ပင် ချမ်းသာမို့ အကွက်တွေ နင်းမိနေခဲ့သည် ။

သူ့မောင် (၃)ယောက်မှာ တော့ ပညာတတ်တွေမို့ သူဌေး သူကြွယ်ကြီးတွေ မဖြစ်ပေမဲ့ ချောင်ချောင်လည်လည် ရှိကြပါသည် ။

ဆောင်းယမုန်တို့ က မောင်နှမ သုံးယောက်ရှိပြီး ဖေဖေက သစ်တောဦးစီး၊ မေမေက အိမ်ထောင်ထိန်းသိမ်းတာ တစ်ခုထည်းမို့ တအားကြီး မပြေလည်။ ဒေါ်ယမင်းက ထောက်ပံ့ရသည် ပါပဲ။ မိုးဝတီရဲ့ မိဘနှစ်ပါးကတော့ ဘဏ်မန်နေဂျာနှင့် ဘဏ်စာရေးမ။ သမီးကလည်း တစ်ယောက်တည်းမို့ အဆင်ပြေကြသည် ။

မြယွန်းမှုန်ရဲ့ ဖေဖေက အလယ်တန်းကျောင်းအုပ်၊ မေမေက မူလတန်းပြ ဆရာမ။ မောင်နှမ (၄)ယောက်ရှိသည် မို့ ကျောင်းစရိတ်တွေ၊ စားရေးဝတ်ရေးတွေနှင့်။ သူတို့ မိသားစုဟာ ရိုးသားကြသူတွေမို့ စိုက်ခင်းလေး ဝက်မွေးတာလေးနှင့် အဆင်ပြေအောင် ကြိုးစားရတုန်း။

ပြောရမယ်ဆို မြယွန်းတို့ က ဘဝသမားလေ။ အဆင်းရဲကြီး မဟုတ်ပေမဲ့ဘဝကိုနားလည်သည် ။ အန်တီလေးရော မမတွေပါ အပြင်ထွက်ကုန်ကြပြီမို့ မြယွန်းမှုန် ခြံထဲသို့ ခမောက်ဆောင်း၊ အင်္ကျီလက်ရှည်ဝတ်ပြီး ပြန်ဆင်းလာခဲ့ပါသည် ။

ခြံမျက်နှာစာမှာ နှင်းဆီခင်းတွေက  အပြိုင်းအရိုင်း။ဖော်လုံးခင်းကတော့ ရေ လေးငါးရက်လောက်ပေးတာနှင့်၊ မြေစာကျွေးတာနှင့်ကို တော်တော်အဆင်ပြေနေပေပြီ။ နောက်ထပ် တစ်ပတ် နှစ်ပတ်လောက်ဆို ချိုးလို့ ရပေမည်။

ခြံတံခါးလည်း ပိတ်ထားသည် မို့ သူမတစ်ယောက်ထည်း အေးအေးဆေးဆေး ပေါင်းသင်မြေဆွနေလိုက်တာ ပန်းခင်းလေးထဲ။

"ဟိတ် ... "

"အမယ်လေး ... "

သူ့အနားသို့ ဘွားခနဲ ရောက်လာသည့် ကောင်လေး။အဲ ... သူ့ထက်တော့ ကြီးမှာ ပေါ့။ တစ်ယောက်ကြောင့် မြယွန်းမှုန် အလန့်တကြား ထရပ်ရင်း လက်ညှိုးထိုးလျက် ...

"နင် ... နင် ဘယ်လိုလုပ်ရောက်လာတာလဲ၊ ခြံတံခါး ပိတ်ထားတဲ့ကြားက "

"ဟာဟ ... ဟိုမှာ လေ၊ ငါ ဟိုသရက်ပင်ပေါ်က ကျော်ဆင်းလာခဲ့တာ ။ နင်တို့ ခြံက ဘယ်လိုဝင်ဝင် ရပါတယ်"

"နင်က ဘယ်ကလဲ"

ကောင်လေးကို အကဲခတ်ရင်း မြယွန်းမှုန် မေးမိသည် ။ အရပ်ရှည်ရှည် ဗလကျစ်ကျစ်နှင့် ကောင်လေးဟာ အသက်တော့ နှစ်ဆယ်ကျော်မှာ

ပဲ။ ဘောင်းဘီရှည် အနက်နှင့် တီရှပ်အဖြူ လက်တိုဝတ်ထားရုံလောက် ပေမဲ့သူ့ အသွေး အမွေးက ပြောင်သည် ။

မျက်ခုံး မျက်လုံး ထင်းထင်းနှင့် အသားက ဖြူသည့် ဘက်သို့ပါသည် ။ နှာတံပေါ်ပုံနှင့် ပြုံးယောင်သန်းနေသည့် နှုတ်ခမ်းက မခိုးမခန့်လိုလို။ ပြောရရင် သူ့ရုပ်က ရုပ်ရှင်မင်းသား တစ်ယောက်လို ခပ်ချောချော။

"ငါ ဟိုဘက်ခြံကလေ"

"အလုပ်သမားလား"

" ဟုတ်တယ်၊ အလုပ်သမား။ ငါက မာလီ။ နင်ကရော မာလီပဲလား"

"အင်း ... ဆိုပါတော့၊ ငါက ဒီပန်းခင်းတွေကို ပြုပြင်ပြီးရောင်းစားရမှာ ။ အန်တီလေးက တစ်ဝက်၊ ငါက တစ်ဝကပေ့ါ"

"အန်တီလေးဆိုတာ ဒီအိမ်ရှင်လား၊ ကျန်တဲ့ အစ်မနှစ်ယောက်ကရော"

"ဟုတ်တယ်၊ အန်တီလေးဆိုတာ ဒီအိမ်ရှင်ပေ့ါ။ ဟိုနှစ်ယောက်က ငါ့ဦးလေးရဲ့ သမီးတွေ။ ငါ့အစ်မဝမ်းကွဲတွေပေ့ါ"

"သူတို့ ကရော ဘာတွေလုပ်ကြတာလဲ"

"တစ်ယောက်က ဆေးခန်းကြီး တစ်ခုမှာ စာရေးမ။ တစ်ယောက်က မားကတ်တစ်ခုမှာ စာရေးမလေ"

"ဩော် ... နင်ကတော့ အပြင်မှာ မလုပ်ဘူးပေ့ါ"

"အင်း ... ငါက ဒီမှာ ပန်းပဲ ရောင်းစားမှာ ။ကဲ ... သွား သွားတော့၊

ငါ အလုပ်လုပ်ရဦးမယ်"

မြယွန်းမှုန် သူ့ကို နှင်ထုတ်ပြီး ပန်းခင်းကို ဆက်ပြီး ပေါင်းသင်ဖို့ ထိုင်လိုက်လျှင် သူကလည်း ...

"အေးပါ ... ငါက အပေါင်းအသင်းမရှိလို့ နင်နဲ့ အပေါင်းအသင်း ဖြစ်ချင်လို့ ပါ။ငါ့နာမည်က ရွှေလရောင်၊ နင့်နာမည်ကရော"

"မြယွန်းမှုန်၊ ငါ့အစ်မတွေ နာမည်ကိုတော့  မမေးနဲ့ နော်၊ ငါ့အစ်မတွေက ကြီးကျယ်တယ်၊ နင့်လို မာလီ တစ်ယောက်နဲ့ ခင်ချင်မှာ မဟုတ်ဘူး ။ သိချင်ရင် နင့်ဘာသာ စုံစမ်း"

"အေးပါ၊ ငါက မာလီဆိုပေမဲ့ဟိုဘက်ခြံမှာ အိမ်ရှင်တွေ မရှိသေးဘူး ။ ပန်းခင်းတွေလည်း မရှိဘူး။ မြက်ခင်းလောက် အပင်ကြီးတွေလောက်ပဲ ရှိတာ"

"ဒီတော့ "

"ဪ ... ငါအားနေတယ်လေ၊ ငါ့တာဝန်က အိမ်စောင့်ရုံလောက်ပဲ။ ငါ နင့်ကို ကူမလို့ "

"နင့်ကို ခုမှ သိတာ ... ငါ မယုံသေးဘူး။ ငါတစ်ယောက်တည်းပဲ အလုပ်လုပ်မယ်"

မြယွန်းမှုန်စကားကြောင့် ရွှေလရောင် သူ့နှဖူး သူရိုက် လိုက်လေ၏။

"အမယ်လေးဟဲ့ ...  ကူမယ့်လူက ကူချင်တာတောင် ဈေးကိုင်နေရသေးတယ်။ ငါ့ဥပမိကို  ကြည့်ဦးလေ။ လူဆိုး သူခိုးရုပ်ထွက်နေလား။ ပြီးတော့ ငါတစ်ခုခု မသမာတာ လုပ်ချင်ရင်လည်း အပြင်မှာ လူတွေ ဥဒဟို ဖြတ်သန်းသွားလာနေကြပါတယ်။ညကြီး မင်းကြီးလည်း မဟုတ်ပါဘူး။ ငါကူညီချင်လို့ ပါ"

"ကဲ ... ဒီလောက် ကူချင်လည်း ကူ၊ ငါကတော့ ပိုက်ဆံပေးစရာ မရှိဘူးနော်။ ငါကတော့ ပိုက်ဆံပေးစရာ မရှိဘူးနော်။ ငါလည်း ပိုက်ဆံသုံးစရာ မရှိဘူး။ ပန်းတွေပွင့်မှ ရောင်းရမှာ ၊ ဩော် ... ဒါထက် နင်က တစ်ယောက်ထည်းနေရတာလားဟင်။ အိမ်က အကြီးကြီးပဲနော်၊ အိမ်သားတွေကရော ဘယ်တော့ရောက်လာကြမှာ လဲ"

"အိမ်သားတွေက ဘယ်တော့လာမယ် မသိဘူး။ငါနဲ့ အတူ ဘကျော်လည်း ပါတယ်၊ ငါက မာလီ၊ သူက ဒရမ်ဝမ်ပေ့ါဟာ။ လောလောဆယ်နှစ်ယောက်အတူ ချက်ပြုတ်စားနေကြတယ်။ မမိုက်ပါဘူး၊ အဘကျော်ကလည်း အချက်အပြုတ် ခပ်ညံ့ညံ့ရယ်"

"အေးလေ ... အားနေလည်း ကူပေ့ါ၊ ငါကတော့ ကျေးဇူးတင်မှာ မဟုတ်ဘူး နော်"

" ရတယ်၊ မတင်ရင်လည်း နေ ၊ ငါအလုပ် မရှိရင် မနေတတ်လို့ ပါ။ ကူညီပါရစေ ကူညီပါရစေခင်မျ"

သူက ပြုံးပြုံးရွှင်ရွှင်နှင့် ပြောရင်း သူမရဲ့ အလုပ်တွေကို ကူညီနေလိုက်တာ မနက်ဆယ်နာရီလောက်ကျမှ အလုပ်နားဖြစ်ကြသည် ။ သူမက သူ့ကို အအေးတော့ တိုက်လိုက်ပါသေးသည် ။

***